နောင်ပါမွန်ကျေးရွာ

မိုင်းပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ပါမွန်ကျေးရွာ၊ မိုင်းပန်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၁
၈။	ကျန်းမာရေး	၁၁
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၂
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၃
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၈
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၉
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြ ရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်ပါမွန်ကျေးရွာ၊ မိုင်းပန်မြို့နယ်

နောင်ပါမွန်ကျေးရွာ၊ သယံဇာတပြမြေပုံ၊ မိုင်းပန်မြို့နယ်



နောင်ပါမွန်ကျေးရွာ၊ ရာသီခွင်ပြ ပြကွဒိန်၊ မိုင်းပန်မြို့နယ်




ကျေးရွာတွင်း ရွာပ အဖွဲ့ အစည်းများ ဆက်သွယ်ပုံ
ဒိုင်ယာဂရမ်
ကျေးရွာ
ပြည်သူ့စစ် အဖွဲ့
၃
ဗိမာန်တော် ကလေး
အောင်ရွှေကျော်ရေး အသင်း
၆
ကျေးရွာ
ဖွံ့ဖြိုးရေး အဖွဲ့
၂
ဦးကြွေ
၁
ရွှေသံလွင်
ပရဟိတ အသင်း
၅
အရံဖိုး သတ်အဖွဲ့
၄
လူငယ် အဖွဲ့
၇
အေးခန့်
ဂီစခန့်

အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နောင်ပါမွန်ကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၏ နားလောကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မိုင်းပန်မြို့၏တောင်ဘက်(၁၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် နားလောကျေးရွာ၊ အနောက်ဘက်တွင် ကန်မောက်လျှံကျေးရွာတို့တည်ရှိပါသည်။ ရှမ်းလူများများ အများဆုံးနေထိုင်ကြသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ စိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေဧက(၈၀.၅)ဧကနှင့်ယာမြေ/တောင်ယာမြေ(၁၈၀)ဧက၊စုစုပေါင်း(၂၆၀.၅) ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေး အတင့်အသင့် ကောင်းမွန်ပါသည်။ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။သစ်တောများပြုန်းတီးမှုများလာသဖြင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါရှားပါးနေပြီ ဖြစ်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၅၇)ရှိပြီး လူဦးရေပေါင်း(၂၂၈)ဦးရှိသည်။ အိမ်ခြေနှင့် လူဦးရေအချိုးညီမျှသည်ဟုယူဆပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ကြပါသည်။ အလယ်တန်းရောက်လျှင် မိုင်းပန်မြို့တွင်ဆက်လက် ပညာသင်ကြားကြပါသည်။ အဆောင်စရိတ် ငွေကြေးမတတ်နိုင်သောကြောင့် အလယ်တန်း၊ အထက်တန်းတက်ရောက်သူ နည်းပါးပါသည်။ ကျေးရွာလူဦးရေ၏ (၅၇)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အခွင့်အရေးဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့၊ အရန်မီးသတ်အဖွဲ့၊အမျိုးသား/အမျိုးသမီးခေါင်းဆောင်အဖွဲ့မျာ ရှိပါသည်။ကျေးရွာရှိ အမျိုးသား၏ အမျိုးသမီးခေါင်းဆောင်အဖွဲ့သည် ကျေးရွာ၏ သာရေး/နာရေးကိစ္စရပ်များ ပါဝင်ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည်ကျေးရွာ၏ဘာသာရေး၊ နာရေးကိစလူမှုရေးဆိုင်ရာ ကိစ္စရပ်များ

တွင် ဦးဆောင်ကြပါသည်။ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် (၅)ဦးပါဝင်သော ကျောင်းကော်မတီမှ ဦးဆောင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ စပါး၊ပြောင်း၊ပဲပုတ်၊ ကြက်သွန်ဖြူတို့ကို အဓိက စိုက်ပျိုးပါသည်။ အိမ်ဆိုင်လုပ်ကိုင်သူများလည်း ရှိပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်၊ တောင်ယာစသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုတချို့မှာ ကျပန်းလုပ်ကိုင် အသက်မွေးကြပါသည်။ တောင်ယာစပါးကို မိသားစုစားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများကြောင့် လယ်မြေ အနည်းအကျဉ်းသာရှိပြီး တောင်ယာမြေများ ခုတ်ထွင်စိုက်ပျိုးကြပါသည်။ မိမိတို့ စိုက်ပျိုးရန် တက်နိုင်သော ဧကထိ ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပါသည်။ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု(၁)စုမှာ မြေယာမဲ့ဖြစ်ပါသည်။ စိုက်ပျိုးစရိတ် အရင်းအနှီးမတတ်နိုင်သောကြောင့် မြေယာပိုင်ဆိုင်သလောက်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေ ရရှိရန် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စပါး၊ ကြက်သွန်နှင့် ပြောင်းသီးနှံကို အဓိကထား စိုက်ပျိုးကြပါသည်။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှု အပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တက်ပါသည်။ အဆင့်မြှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများပိုင်ဆိုင်သုံးစွဲနိုင်ခြင်း မရှိဘဲ မိရိုးဖလာ စိုက်ပျိုးရေးစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်ထွန်စက် (၃၉)စင်း ရှိပါသည်။ ကျွဲ၊ နွားအနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာများကို အနည်းငယ်သာ သုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများကို အများဆုံးအသုံးပြုကြပါသည်။ ဓါတ်မြေဩဇာများကိုလည်း မိုင်ပန်မြို့တွင် အလွယ်တကူ ဝယ်ယူနိုင်ပါသည်။ ထွက်ကုန်များကို မိုင်းပန်မြို့တွင် ရောင်းချနိုင် သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေးသုံးသော်လည်း မနိုင်ကြောင်းတွေ့ရှိရပါသည်။ မြို့နှင့်ဝေးခြင်း၊ အလေ့အထမရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးဌာနနှင့် ဆက်သွယ်ကြခြင်းမရှိပါ။ ယခုနှစ်တွင် ရာသီဥတုမမှန်သောကြောင့် အပင်များ လောင်ကျပျက်စီးမှုရှိသည်။ ချေးငွေကို ပွဲစားများထံမှ ရရှိပြီး အတိုးနှုန်း(၅%)ပေးရပါသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။ သီးနှံများ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက ပေးဆပ်ရန်ခက်ခဲကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကျွဲ၊ နွား၊ဝက်၊ ကြက် စသည်တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ ပြောင်းသီးနှံများကိုစိုက်ပျိုးကြသော်လည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုနည်းပါသည်။ နှစ်စဉ်ကြက်ရောဂါကျရောက်ပြီး သေဆုံးမှုရှိသည်။

စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေး ကိုစီးပွားဖြစ် လုပ်ကိုင်ကြခြင်းမရှိပါ။ ရေနှင့်မြေနေရာရရှိနိုင်မှု အသင့်အတင့်ရှိပါသည်။ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းမရှိပေ။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုများနှင့် စားကျက်မြေရှားပါးမှုများ အဓိက အခက်အခဲဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအား နည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပွဲစားများထံမှ ချေးယူရရှိနိုင်ပြီး အတိုး(၅%)ပေးရသည်။ သို့သော် အဆင်မပြေသော အိမ်ထောင်စုများတွင် ကျေးရွာတွင်းရှိ မိတ်ဆွေ၊ ဆွေမျိုးများထံမှသာပမာဏ အနည်းငယ်ကို ချေးယူကြရပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ထော်လာဂျီ၊ ကားရှိပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းမျှသာဖြစ်ပြီး ကိုယ်ထူကိုယ်ထဖြင့် ဖြုန်းကျောက်အနည်းငယ်ခင်းထားသော်လည်း တည်ဆောက်သည့် ကာလကြာမြင့်ပြီးဖြစ်သောကြောင့် မိုးရာသီတွင် ပျက်စီးမှုများ ဖြစ်ပေါ်တက်ပါသည်။ မိမိတို့ကျေးရွာ၏ အဓိကလမ်းမကြီးအား အခြားကျေးရွာများကပါ သုံးစွဲလျှက်ရှိသောကြောင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းအဆင့်သာဖြစ်သောကြောင့် အဆင့်မြှင့်တင်ပြုပြင်သင့်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိနေပြီးဖြစ်ပါသည်။ ပျက်စီးပါက လာရောက်ပြုပြင်ပေးမည့် အဖွဲ့အစည်းများရှိပါသည်။ ကျေးရွာတွင် အိမ်တိုင်း လျှပ်စစ်မီးကို သုံးစွဲနိုင်ပြီး ငွေကြေးမတက်နိုင်သော အိမ်ထောင်စုမရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးတာဝိုင်တိုင်များရှိသောကြောင့် ဖုန်းဆက်သွယ်ရေးကောင်းမွန်ရုံသာမက ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၂၂၈)ဦးတွင် တက္ကသိုလ်အဆင့်ရှိသူ (၁)ဦးသာရှိပါသည်။ ကျေးရွာ၏ ပညာရေးအားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။မူလတန်းတက်မြောက်ပြီးလျှင် မိဘလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ကြသည်မှာ များပါသည်။ အလယ်တန်းနှင့် အထက်တန်းကို မိုင်းပန်မြို့တွင်သာ သွံားရောက်ပညာသင်ကြားကြရပါသည်။ ငွေကြေးတက်နိုင်သူ အနည်းစုသာမိမိတို့သား/သမီးများကို အဆောင်တွင်ထား၍ ပညာသင်ကြားစေနိုင်ပါသည်။ ထို့ကြောင့် အလယ်တန်း၊ အထက်တန်းပညာတက်မြောက်သူ နည်းပါးပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ယင်လုံအိမ်သာကိုအများဆုံးအသုံးပြုကြပြီး ကျန်းမာရေးအသိပညာပေးများ ဆောင်ရွက်လျှက်ရှိကြောင်းတွေ့ရပါသည်။ သားဖွားခြင်းနှင့်ဖျားနာခြင်းများ ဖြစ်ပါက နားလောကျေးရွာ ဆေးပေးခန်းသို့ သွားရောက်ကုသကြရသည်။ ကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ ရောဂါပြင်းထန်ပါက ရွာနှင့် (၁၂)မိုင်ခန့်အကွာရှိ မိုင်းပန်မြို့နယ်ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် သောက်သုံးရေအဖြစ် ရေတွင်းဖြင့် အသုံးပြုကြပါသည်။ အများအားဖြင့် နေအိမ်များတွင် ရေတွင်းကိုယ်စီရှိကြသည်။ ရေတွင်းမရှိသောအိမ်များသည် ကျေးရွာတွင်းရှိ ရေတွင်းများကို အသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် အမှိုက်စွန့်ပစ်စီမံခန့်ခွဲမှု ဆောင်ရွက်ပေးထားပြီး အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြပါသည်။ ကျေးရွာတွင်းတွင်လည်း အမှိုက်ပုံးများ ထားရှိပြီး စနစ်တကျ စွန့်ပစ်ကြပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုအားနည်းပါသည်။ နေရာပေးရန် ယုံကြည်မှုမရှိခြင်း၊ ရှေးရိုးစွဲအယူအဆများစသည်တို့ကြောင့်ဖြစ်ပါသည်။ မိမိတို့ ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအားနည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။

အခြားအားကစားရေးရာ နှင့် အပန်းဖြေဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက် ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များ ဖွဲ့စည်း ထားခြင်းမရှိပါ။ ကျေးရွာသည်တပ်၏နံဘေးတွင်ရှိသဖြင့်တည်ငြိမ်ရေးနှင့်ဘေးအန္တာရယ်ကင်းရှင်းပါသည်။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှု မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ရွာလယ်လမ်းမအား ကွန်ကရစ်လမ်း ပြုလုပ်ခြင်း	၁		✓			
၂	ကျောင်းခြံစည်းရိုးကာရံခြင်း	၂			✓		
၃	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၃				✓	
၄							
၅							
၆							
၇							
၈							
၉							
၁၀							
၁၁							
၁၂							

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်း/ပြည်နယ်	- နောင်ပါမွန်ကျေးရွာ - နားလောကျေးရွာအုပ်စု - မိုင်းပန်မြို့နယ် - ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည်	- ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း
စီမံချက်ဆယောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့ရှိ) လက်ရှိအခြေအနေ လက်ရှိအသုံးပြုလျှက်ရှိသော မြေသားလမ်းမှာ အပေါ်ယံတွင် ကိုယ်ထူကိုယ်ထဖြင့် ဖြုန်းကျောက်အနည်းငယ်ခင်းထားသောကြောင့် သွားလာရအဆင်ပြေသော်လည်း မိုးရာသီတွင် ရေမြောင်းများစနစ်တကျမရှိခြင်း၊ ခင်းထားသော ဖြုန်းကျောက်များမှာ စနစ်တကျ စက်နှင့် ကြိတ်၍ ခင်းထားခြင်းမဟုတ်သောကြောင့် ပျက်စီးကာ သွားလာရခက်ခဲပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) လက်ရှိအချိန် မိုးရာသီတွင်သွားလာရခက်ခဲလျှက်ရှိသော ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြင့် သွားလာရ အဆင်ပြေစေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပြီးပါက ရွာမှထုတ်ကုန်များအား ရာသီမရွေး မြို့သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည့်အပြင် အခြားကျေးရွာများကပါ ပိုမိုသွားလာရလွယ်ကူမည်ဖြစ်ပြီး ကျေးရွာအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာပါမည်။	

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)
ကျေးရွာတွင်း လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းခြင်း အတိုင်းအတာ- ၈၀၀' လမ်းအကျယ်ပေ-၁၂' လမ်းအမြင့်ပေ -၀'-၆"(လမ်းထု)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) သိန်း (၁၀၀) ကျပ် • - • (ပစ္စည်း/လုပ်အား) သိန်း(၂၀)ကျပ်	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၀၆	၁၂၂	၂၂၈	၁၁	၃၆	၆	၄	၅၇
အကျိုးခံစားမည့်သူဦးရေ	၁၀၆	၁၂၂	၂၂၈	၁၁	၃၆	၆	၄	၅၇
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)** – ကျေးရွာဖွံ့ဖြိုးရေးကော်မတီ – ကျေးရွာလူငယ်အဖွဲ့ – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) **စီမံချက်စတင်မည့် အချိန်ခန့်မှန်း** – ၂၀၁၉ခုနှစ် မတ်လ
(၃) **စီမံချက် ပြီးစီးမည့် အချိန်** – ၃.၁၂.၂၀၁၉
(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –** ကျေးရွာမှ အဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီး တစ်အိမ်တစ်ယောက် လုပ်အားပါဝင်ပေးရမည် ဖြစ်ပါသည်။ အကယ်၍ လုပ်အားပါဝင်ပေးနိုင်ခြင်း မရှိပါက ငွေကြေး မဖြစ်မနေ ပါဝင်ပေးရမည် ဖြစ်ပါသည်။ ယာဉ်/ စက်၊ ယန္တရားပိုင်ဆိုင်သူများ အနေဖြင့်လည်း ကျေးရွာမှ ဆီထည့်ပါဝင်ကာ ကူညီလုပ်ကိုင်ပေးမည် ဖြစ်ပါသည်။
(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ** ကွန်ကရစ်လမ်းရေရှည်တည်တံ့စေရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းကာ ယာဉ်ဖြတ်သန်းသွားလာခများ ကောက်ခံခြင်း၊ လိုအပ်ပါက ကျေးရွာမှ အလှူငွေများ ကောက်ခံကာ ပြုပြင်ခြင်းများ ပြုလုပ်ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

နောင်ပါမွန်ကျေးရွာ၊ ဝိုးလိုင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအိုက်ထွန်း	ဦးပူစိုင်း	၁၃/မပန(နိုင်)၀၀၂၉၀၄	၆၇	ဥက္ကဋ္ဌ	၀၉-၄၅၉၀၆၄၅၃၇
၂။	ဒေါ်နန်းဖုံ	လုံးကူ	၁၃/မပန(နိုင်)၀၁၉၃၃၇	၅၅	အတွင်းရေးမှူး	၀၉-၄၅၀၁၅၁၀၃
၃။	စိုင်းညွှန့်	လုံးဝိယ	၁၃/မပန(နိုင်)၀၁၅၁၀၇၆	၃၇	ဘဏ္ဍာရေးမှူး	
၄။	ဦးစိုင်းနိုင်	ဦးစိုးတင့်	၁၃/မပန(နိုင်)၀၀၀၃၁၈	၅၂	စာရင်းကိုင်	၀၉၆၉၀၇၈၀၀၉၀
၅။	ဦးလုံးအိန္ဒ	ဦးဆုနတ္တ	၁၃/မပန(နိုင်)၀၀၂၉၆၇	၅၂	သေ့ကိုင်(၁)	၀၉-၄၄၉၈၈၅၃၅၂
၆။	နန်းမြစိန်	စိုင်းထွန်း	၁၃/မပန(နိုင်)၀၂၃၃၉၄	၄၅	သေ့ကိုင်(၂)	၀၉-၂၆၄၃၁၉၀၃၀
၇။	နန်းယိုင်း	ဦးချင်းကော	၁၃/မပန(နိုင်)၀၂၁၈၅၁	၂၂	အဖွဲ့ဝင်	၀၉-၈၉၉၇၁၆၆၉၂၂

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၈	၁၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၄	၁၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆	၅	၁၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၆	၉၅	၁၅၅
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၉	၉	၁၈
စုစုပေါင်း		၁၀၆	၁၂၂	၂၂၈
စုစုပေါင်း အိမ်ထောင်စု				၅၇

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ နောင်ပါမွန်ကျေးရွာတွင် လက်ရှိလူဦးရေ၏ သုံးပုံတစ်ပုံသာ နေထိုင်လုပ်ကိုင်စား သောက်ပြီး ကျန်နှစ်ပုံမှာ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းနှင့် အခြားလူမှုရေးအခက်အခဲများရှိခြင်း ကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်နေထိုင်လျက်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၆	၁၂၄	၀	မြင့် □ လတ် ✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၅	မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၀	၄	မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ? လတ် ? နိမ့် ?
	စုစုပေါင်း	၅၇	၈၀	၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အိမ်ဆိုင်လုပ်ကိုင်သူ(၄)အိမ်ထောင်စုရှိပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်တောင်ယာ စသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုတချို့မှာ ကျပန်းလုပ်ကိုင် အသက်မွေးကြပါသည်။ ပြောင်းသီးနှံကို အဓိကထားစိုက်ပျိုးကြပြီး စပါးအနည်းငယ်စိုက်ပျိုးကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၅၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး နေ့စားလုပ်အားအဖြစ် ကျား (၅၀၀၀)ကျပ်၊ မ (၃၅၀၀)ကျပ်ဖြင့်ငှားရမ်းလုပ်ကိုင်ကြပြီး အများဆုံး၊ အနည်းဆုံးနှုန်းထားသတ်မှတ်မထားပဲ ပုံမှန်နှုန်းသာပေးချေကြပါသည်။ အမျိုးသားများသည် အလုပ်ပိုမိုတွင် ကျယ်သောကြောင့် (၅၀၀၀)ကျပ်နှုန်းပေးချေရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၀.၅	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၈၀	ကောင်း	သင့် ✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၂၆၀.၅	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်မြေတွင်စိုက်ပျိုးရန် အဓိကရေအရင်းမြစ်အတွက် နမ့်ပန်ချောင်းအတွင်း မိုးကောင်းသောက်ဆည်များမှ ရယူပြီးမိုးများသော နှစ်တွင် ရေကြီးရေမြှပ်ခြင်းနှင့် မိုးနည်းပါက စိုက်ပျိုးမှုနောက်ကျခြင်းကြောင့် သီးနှံအထွက်နှုန်းလျော့ကျခြင်းများ ဖြစ်ပေါ်ပါသည်။ ယာမြေများအတွက် မိုးရေကိုသာ အဓိကစိုက်ပျိုးပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ✓	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ✓	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ✓	လွယ်□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ✓	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များရှာဖွေတွေ့ရှိခြင်းမရှိပေ။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါ ရှားပါးနေပြီဖြစ်ပါသည်။ အကြောင်းအရင်းများမှာ သစ်တောများပြုန်းတီးမှုများလာပြီး၊ တောမီးလောင်မှုများလည်းရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀-၂၀	၅-၁၀	၀-၅	-
အိမ်အခြေအနေ	ပျဉ်ကာ/သွပ်မိုး/ပျဉ်ခင်း	ပျဉ်ခင်း/ဝါးကာ/သွပ်မိုး	ဝါးခင်း/ဝါးကာ/သွပ်မိုး	ဝါးခင်း/ဝါးကာ/သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	ကား/ရေစုပ်စက်/မြက်ရိတ်စက်နှင့်အခြား	ထော်လာဂျီ/မြက်ရိတ်စက်နှင့်အခြား	အခြား	-
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး၊ မွေးမြူရေး	စိုက်ပျိုးရေး၊ မွေးမြူရေး	စိုက်ပျိုးရေး၊ မွေးမြူရေး	ဌားရမ်း/နေ့စာလိုက်
အိမ်ထောင်စု	၁၁	၃၆	၆	၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသောအိမ်ထောင်စုများတွင် လယ်/တောင်ယာကေပေါင်း (၁၀)ကေနှင့် အထက်ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်မိသားစု များမှ လယ်/တောင်ယာ (၇-၉)ကေခန့်၊ ဝါးထရံကာ အိမ်စသည်တို့ ပိုင်ဆိုင်ကြပြီး အလွန်မပြေလည်သော အိမ် ထောင်စုများတွင် လယ်/တောင်ယာ (၁-၃) ကေခန့် ပိုင်ဆိုင်ကြပါသည်။ အိမ်တိုင်းအိမ်တိုင်း ဆိုင်ကယ်ပိုင် ဆိုင်ကြပြီး ချမ်းသာသောမိသားစုတချို့တွင် ကား၊ ထော်လာဂျီစသည်တို့ ပိုင်ဆိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ နောင်ပါမွန်ကျေးရွာတွင် ဝမ်းစာဖူလုံမှုမှာ ၆လမှ ၁၂လအထိရှိပြီး လုပ်ငန်းရှင်များထံမှ လုပ်အားခကြိုတင်ထုတ်ယူခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းနေရကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□လတ်✓နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်✓ လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်✓နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□ လတ်✓နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်✓မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်✓မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်✓မရှိ□□
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်✓မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်✓နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် လတ်□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	ငှက်ဖျားရောဂါ	မြင့်✓လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်✓မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်✓နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်✓လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်✓မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်✓နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□✓နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ မိုးသည်းထန်စွာ ရွာသွန်းပါက ကျေးရွာပတ်ဝန်းကျင်ရှိ တောင်ကျချောင်းများမှ တဆင့် နမ့်ပန်ချောင်းအတွင်းသို့ သဲများတိုက်စားမှုများကြောင့် နမ့်ပန်ချောင်းမှာ ကောလာပြီး ရေကြီးရေလျှံမှုများ ဖြစ်လာပါသည်။ ထိုရေကြီးရေလျှံမှုများကြောင့် နမ့်ပန်ချောင်းတလျောက် လယ်မြေများနှင့် ယာမြေများ ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐✓
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်	၁ □ ၂ □ ၃ □	၀	၀	၂၀	ပညာရေး□□ ငွေကြေး□□ ကျန်းမာရေး□□ ဘာသာရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေးဖွံ့ဖြိုးရေနာရေး၊လူမှု/✓ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်✓ ညံ့□□
၂	ရပ်မိရပ်ဖ	၁ □ ၂ □ ၃ □	၄	၃	၇	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □✓ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□✓ ညံ့□□
၃	သာရေးနာရေး	၁ □ ၂ □ ၃ □	၀	၀	၀	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၄	အမျိုးသား/သမီးအဖွဲ့	၁ □ ၂ □✓ ၃ □	၄	၃	၇	ပညာရေး✓ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်✓ ညံ့□□
၅	ရှမ်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့	၁ □ ၂ □✓ ၃ □	၄	၃	၇	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□ □ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □	ကောင်း□□ သင့်□□ ညံ့□□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး□□	
၆	အရန်မီးသတ်အဖွဲ့	၁ □ ၂ □□□□□၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□ □ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၇	ကျေးရွာအုပ်ချုပ်မှုကော်မတီအဖွဲ့	၁ □✓ ၂ □ ၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး✓ဘာသာရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□✓ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း စာမတက်သူများပြားမှုနှင့် ပညာအရည်အချင်း နိမ့်ပါးမှုကြောင့် အတွေးအခေါ်ပိုင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် လျှင်မြန်စွာ ဆုံးဖြတ်နိုင်မှုမရှိခြင်းတို့ ဖြစ်ပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □ ၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ် အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၅၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု (၁)စုသာ မြေယာမဲ့ဖြစ်ပါသည်။ အဓိကအားဖြင့် စပါးနှင့် ပြောင်းတို့ကို စိုက်ပျိုးကြပြီး မြေယာတိုးချဲ့မှုများ အနည်းအကျဉ်းရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် စိုက်ပျိုးရေရရှိရန် မိုးရေနှင့် ချောင်းရေကိုသာ အဓိကအားထားစိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၈၀.၅	တင်း	၃၀	၆၅	၄၅	၇	၁၁	မြင့် ?လတ် ?နိမ့် ??	မြင့် ?လတ် ?နိမ့် ??
ယာစပါး	၂၀	တင်း	၂၀	၄၅	၃၀	၇	၁၁	မြင့် ?လတ် ? နိမ့် ??	မြင့် ?လတ် ?နိမ့် ??
ပဲပုတ်	၈၀	တင်း	၁၀	၁၅	၁၂	၁၂	၅	မြင့် ?လတ် ?နိမ့် ??	မြင့် ?လတ် ?နိမ့် ??
နှမ်း	၈၀	တင်း	၄	၈	၆	၆	၉	မြင့် ?လတ် ?နိမ့် ??	မြင့် ?လတ် ?နိမ့် ??
ပြောင်း	၈၀	တင်း	၄၀၀	၂၀၀၀	၁၂၀၀	၆	၁၂	မြင့် ?လတ် ?နိမ့် ??	မြင့် ?လတ် ?နိမ့် ??
ကြက်သွန်ဖြူ	၁၀	ပိဿ	၅၀၀	၂၀၀၀	၁၃၀၀	၁၂	၄	မြင့် ?လတ် ?နိမ့် ??	မြင့် ?လတ် ?နိမ့် ??

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးနှင့် ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပါသည်။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုအပေါ် မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။ စပါးကို ဝမ်းစာအတွက်သာ အဓိကထား စိုက်ပျိုး ကြပါသည်။ယခုနှစ်တွင်မူကြက်သွန်ဖြူစျေးမကောင်းသဖြင့်တောင်သူများအလွန်ပင်ကြပ်တည်းခဲ့ကြရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၃၉	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၁	၀	၀	၀
ရေစုပ်စက်	၃၅	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၄၁	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအားဖြင့် လက်တွန်းထွန်စက်များကိုသာ အသုံးပြုလျက်ရှိပါသည်။ အခြားအဆင့်မြှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပါသည်။ လက်တွန်းထွန်စက်ကို တစ်နာရီလျှင် (၃၀၀၀)ကျပ်နှုန်းဖြင့် ငှားရမ်းအသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း □□□□ကောင်း ✓သင့်တင့်မျှတ □□□□မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း □□□□ကောင်း ✓သင့်တင့်မျှတ □□□□မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □□□□အသင့်အတင့်ရှိ □□□□မဖြေဆိုပါ ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □□□□ရသည် ✓မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □□□□သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □□□□ဝယ်ယူရနိုင်သည် ✓မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □□□□ဝယ်ယူရနိုင်သည် ✓မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် □□□□ရနိုင်သည် ✓မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် □□□□ရနိုင်သည် ✓ဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □□□□သီးနှံများကို ရောင်းချနိုင်သည် ✓မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေအသုံးချနိုင်မှု အနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေ အရင်းအမြစ် ရရှိမှုအသင့်အတင့်ရှိပါသည်။ မြို့နှင့်အနီးတွင် တည်ရှိသောကြောင့် ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများ ရရှိပါသည်။ စိုက်ပျိုးရေးသီးနှံများလည်း အလွယ်တကူရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း □□□□ရာသီဥတုမမှန် ✓မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□□□□လယ်ယာမြေဆုံးရှုံးမှုများသည် □□□□လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □□□□ပလပ်မြေများရှိသည် ✓ပလပ်မြေအသင့်အတင့်ရှိသည် □□□□မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✓လုံးဝမရ □□□□မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓လုံးဝမရ □□□□မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✓လုံးဝမရ □□□□မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✓လုံးဝမရ □□□□မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓လုံးဝမရ □□□□မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✓လုံးဝမရ □□□□မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □□□□သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ □□□□မဖြေဆိုပါ ✓
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □□□□အသင့်အတင့်ကျ □□□□အနည်းငယ် ✓မဖြေဆိုပါ □

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

